Volume 3/Issue 9/September/2010
Enjoy free reading from B.C.F

# † Newsletter _ သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## Grandparents Day - 09/12/2010

- In 1978, the United States Congress passed legislation proclaiming the first Sunday after Labor Day as National Grandparents Day. The proclamation was signed by President Jimmy Carter.
- The official flower is the forget-me-not (*Myosotis alpestris*).
  Forget-me-not: As its name suggests: Forget me not, Memories, True love.



Forget – me - not

Honor your Grandparents and show respect.

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

## အဘိုးအဘွားတို့အားရိုသေလေးစားဂုဏ်ပြုပါ၏။

### မင်္ဂလာရှိသောအဘိုးအဘွား

ထာဝရဘုရားကို ကြောက်ရွံ့၍၊
ပညတ်တော်တို့၌ အလွန်မွေ့လျော်သော သူသည်မင်္ဂလာရှိ၏။
ထိုသူ၏ သားမြေးတို့သည် မြေပေါ်မှာ အားကြီးကြလိမ့်မည်။

ဖြောင့်မတ်သောသူတို့၏ အမျိုးအနွယ်သည် မင်္ဂလာရှိတတ်၏။
ထိုသူ၏အိမ်၌ စည်းစိမ်ဥစ္စာ ကြွယ်ဝ၍၊ သူ၏ကောင်းကျိုးသည်
အစဉ်အမြဲတည်တတ်၏။

စွန်ပလွံပင်ကဲ့သို့ ပွင့်လန်း၍၊
လေဗနုန်တောင်ပေါ်မှာ အာရဇ်ပင်ကဲ့သို့ ကြီးပွားလိမ့်မည်။

အသက်ကြီးသော ကာလတွင်ပင်၊
အသီးကိုသီး၍ ကြွယ်ဝ စိမ်းလန်း ကြလိမ့်မည်။
ဘုရားသခင်၏ တန်တိုင်းတော်တွင် ပွင့်လန်း ကြလိမ့်မည်။
တရားဆုံးဖြတ်ရာ ကာလ၌ အောင်ခြင်းသို့ ရောက်လိမ့်မည်။
အကယ်စင်စစ် လှုပ်ရှားခြင်းနှင့် အစဉ်ကင်းလွတ်လိမ့်မည်။

မကောင်းသောသိတင်းကို မကြောက်ရ။
ထာဝရဘုရားကို ကိုးစားသဖြင့် တည်ကြည်တတ်၏၊
သူ၏ ဦးချိုသည် ဂုဏ်အသရေနှင့် ချီးမြှင့်ခြင်း ရှိလိမ့်မည်။

**ဆာလံကျမ်းမှကောက်နှုတ်ချက်**

**မှတ်ချက်၊–** **ရေးတော့အမှန်…အဘိုးအဘွား၊** (Bou Bwa)
**ဖတ်တော့အသံ…အဖိုးအဖွား၊** (Hpou Hpwa)

# အဖိုးအဖွားများနေ့အထူး

**မဆိုဇယ်(မော်တင်လိန်း)**

ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း၊ကိုယ်ကိုကိုယ်သိသောစိတ်စင်ကြယ်ခြင်းနှင့်တကွ
ငါကိုးကွယ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်း၏။ ၂ တိမောသေ၊ ၁း၃

## အဘိုးအဘွားများ၊

အဘိုးအဘွားများသည် အဘဘုရားသခင်၏ ကောင်းကြီးမင်္ဂလာတစ်ပါး ဖြစ်သောကြောင့် ရိုသေလေးစား ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ် ဖြစ်၏။ အဘိုးအဘွားများကို အမြဲထည့်သွင်း စဉ်းစားရမည်။ သို့သော် အဘိုးအဘွား၏ဂဏ္ဍာမှာ မလွယ်ကူလှပေ။ အဘိုးအဘွားတို့သည် မိဘများကဲ့သို့ပင် နွေးထွေးမှု၊ နှစ်သိမ့်မှု၊ သွန်သင်မှုနှင့် ဆုံးမမှုတို့ကို ပေးစွမ်းနိုင်သည့် အကြင်နာ၊ ဂရုဏာ၊ စေတနာ၊ မေတ္တာ အရင်းခံရှိသူများ ဖြစ်ကြ၏။

လူအများစုသည် ဘိုးဘွားများနေ့ကို သိပ်ပြီး အလေးမထား ကြပေ။ မိခင်များနေ့နှင့် ဖခင်များနေ့လောက်လည်း ပေါ်ပြူလာမဖြစ်ပေ။

ဝမ်းနည်းစရာကောင်းသည်မှာ ...

အချို့သည် အဘိုးအဘွားများကို ချောင်ထိုးကာ ဘေးဖယ်ထား တတ်သည်။

အချို့မှုကား အဘိုးအဘွားများကို မမြင်မတွေ့ လိုက်ရပေ။

အချို့မှာ အဘိုးအဘွား ဘယ်သူလဲ ဆိုတာကိုပင် မသိရှိရပေ။

အချို့ဆိုသော် မိဘလက်တွင်းမဟုတ် အဘိုးအဘွားနှင့်သာ  ကြီးပြင်းလာခဲ့ရ၏။

## ကျမ၏အဘိုးအဘွား၊

ကျမသည် ဘုရားသခင်၏ ကျေးဇူးနှင့်ဂရုဏာတော်အားဖြင့် မိဘ၊အဘိုးအဘွား နှင့်အတူ နေထိုင်ကြီးပြင်းလာ၍၊ အဘိုးအဘွား၏ တန်ဘိုးကို တစိမ့်စိမ့်တွေးလေ တန်ဘိုးတက်လေ။ အဆုံးမှာ တန်ဘိုးမဖြတ် နိုင်တော့ပေ။

အဘိုးအဘွားသည်သာ ကျမ၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဖြစ်ပါသည်။ အဘိုးအဘွားသည် မိမိတို့၏ အသွေးအသားဖြစ်သော သားသမီးမြေးများအာလုံးကို အလွန်ချစ်သည်။ ဥမကွဲသိုက်မပျက်နေရအောင် မေတ္တာဖြင့် အစဉ်လွှမ်းခြုံထားပါသည်။

ကျမ၏ဖခင်ဘက်မှ အဘိုးအဘွား (ဦးသင်+ဒေါ်သိန်းရင်)တွင်၊ မြေး(၁၄)ယောက်ရှိသည်။ ကျမ၏ မိခင်ဘက်မှ အဘိုးအဘွား (ဦးပို+ဒေါ်စိန်ကုန်း)၌၊ မြေး(၁၉)ယောက် ရှိသည်။ နှစ်ဖက်သော အဘိုးအဘွားတို့သည် ရှေးမဆွကပင် ဘုရားသခင်၏ ရွေးကောက်ခြင်းခံရသော ယုံကြည်သူများဖြစ်ကြ၏။

အဘိုးအဘွားများသည် မြေးကလေးများကို ချစ်၍အလွန်အလိုလိုက်သည်။ ကျမသည်အဘိုး၏အချစ်ဆုံးမြေးဖြစ်၍ ဂုဏ်ယူပါ၏။ ဖျက်ဆီး/ပျက်စီး ခြင်းမျိုးမဟုတ်ပေ။ သူတို့၏ဘဝ အတွေ့အကြုံများကို အခြေခံလျက်၊ မြေးကလေးများကို အချိန်အခါနှင့် အသက်အရွယ်အလိုက် အဆင့်ထက်တဆင့် တိုး၍သွန်သင်သည်။ လမ်းပြသည်။ အဘိုးထိုက်တန်သော ကလေးများ ဖြစ်ရန်၊ စည်းစံနစ် ချမှတ်ပေးသည်။ အထူးသဖြင့် မြေးကလေးများ တစ်ယောက်စီ၏ အရည်အချင်း၊ စွမ်းရည်သတ္တိအလိုက် မြေတောင်မြှောက် ပေးသည်။ အားငယ်သူကို အားပေးသည်။ ချီပင့်ရမည့် သူကို ချီပင့်သည်။

အသက်ကြီးသူ အဘိုးအဘွား ရှိ၍ အိမ်ထောင်မိသားစု လုံခြုံသည်။
အကြောင်းမှုကား ဘုရားရှင်ကို ဦးထိပ်ထားသောကြောင့်တည်း။

သက်ကြွယ် အဘိုးအဘွား ရှိ၍ အိမ်ထောင်မှာ ကျက်သရေရှိသည်။
အကြောင်းမှုကား ရွှေလင်းတ၏ အတောင်ကဲ့သို့ ပြုပြင်ခြင်း ခံရသောကြောင့်တည်း။

ထာဝရဘုရားသည် မောရှေအားဖြင့် ဤသို့ပဋိညာဉ် ပြုထား၏။“ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်း တိုင်အောင် ကရုဏာကို ပြသောဘုရားဖြစ်၏။”(တရားဟော၊၅း၁၀)

အဘိုးအဘွားတို့၏ယုံကြည်ခြင်းကြောင့် သားစဉ်မြေးဆက်အပေါ်သို့ ဂရုဏာတော်ကြွယ်ဝ၏။

အဘိုးအဘွား တို့၏ သာသနာ့အမွေ၊ ဥစ္စာအမွေ၊ ပညာအမွေ၊ စည်းစံနစ်အမွေ၊ စသည်တို့ကို သားစဉ်မြေးဆက် ခံစား/စံစား ရသည့်အတွက် ဘုရားရှင်၏ ကျေးဇူးတော်သည် ကြီးမြတ်လှပေ၏။

အဘိုးအဘွားတို့၏ ပေးခဲ့သော ဆုကျေးဇူးကောင်းကြီးများကြောင့် ဘုရားရှေ့၊လူရှေ့တွင် အစဉ်မျက်နှာ ရပေ၏။

အိုထာဝရဘုရားသခင်၊

ကိုယ်တော်သည် ကောင်းသောသဘော၊ သည်းခံတတ်သောသဘောနှင့် ပြည့်စုံ၍၊ ကိုယ်တော်ကို ပဌနာပြုသော သူအပေါင်းတို့အား ကရုဏာတော် ကြွယ်ဝပါ၏။ သေသည့်တိုင်အောင် ယုံကြည်ခြင်းခိုင်မြဲ၍၊ ကိုယ်တော်အတွက် တည်ကြည်ခဲ့သောအဘိုးအဘွား၊ မိဘများမှ ဖွေးဖွားလာသော မျိုးဆက်ဖြစ်ရသည့်အတွက် ကျေးဇူးတော်သည် ကြီးမြတ်ပေ၏။ အဘိုးအဘွားတို့၏ ပြုခဲ့သော ဆုပဌာနာသည် ကိုယ်တော်၏ အထံတော်သို့ရောက်ပြီး၊ သားစဉ်မြေးဆက်၏အသက်ကို ဖျက်ဆီးခြင်းထဲက ရွေးနှုတ်၍၊ ကျေးဇူးတော် ဂရုဏာတော်များနှင့် ပတ်ရစ်တော်မူသောကြောင့် ကိုယ်တော်၏ နာမတော်၊ ဘုန်းတန်ခိုး၊ အာနုဘော်တော်ကို ချီးမွမ်းပါ၏ အဘဘုရား။  ဟာလေလုယာ ... အာမင်။

## အဘိုးအဘွားဖြစ်သောကျမတို့ဇနီးမောင်နှံ၊

ကျမတို့ဇနီးမောင်နှံ အဘိုးအဘွား ဖြစ်နေပါပြီ။ ကျမတို့၌ မြေးလေးတွေရလာ၍ အလွန်ပျော်ပါသည်။ အဘိုးအဘွားများနေ့သည် ကျမတို့၏ နေ့ဖြစ်၏။ အမေရိကန်ပြည်ထောင်စု၏(၃၁)နှစ်မြောက် အဘိုးအဘွားများနေ့ဖြစ်သော်လည်း ကျမတို့ဇနီးမောင်နှံအတွက် (၂)နှစ်မြောက် ဖြစ်ပါသည်။

အထူးသဖြင့် မိဘအဆင့်မှ အဘိုးအဘွား အဆင့်သို့ ချီးမြှင့်ပေးသော အဘဘုရားသခင်၏ ပြုတော်မူသော ကျေးဇူးတော်ကို ချီးမွမ်း၍ မကုန်နိုင်။

မြန်မာ့ဆိုရိုးစကားအရ၊ သားသမီးမှာအချစ်–မြေးမှာအနှစ်။ အဘိုးအဘွား၏ မြေးကလေးများအပေါ် ချစ်ကြွမ်းမှု အနှစ်သာရမှာ ထူးကဲလှပေသည်။ သို့ရာတွင် လူတိုင်း ဤအရသာကို မခံစားရပေ။

အဘိုးအဘွားဖြစ်သောကျမတို့ ဇနီးမောင်နှံသည် မြေးလေးများအတွက် တောင်းဆုချွေခါ ကောင်းကြီးပေးပါ စေကြောင်း ရင်တွင်းမှ ဆုတောင်းခံပါ၏။  အာမင်။ ။

----------------